တောကင်းကျေးရွာ
တောကင်းကျေးရွာအုပ်စု
သာစည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောကင်းကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

၁ စကားချီး ၃

၂ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်းကျေးရွာ၏ သယံဇာတပြမြေပုံ ၄

၃ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်းကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၅

၄ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်းကျေးရွာ၏
ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ ၆

၅ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့်ပထဝီ အနေအထား ၇

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၅.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၅.စ။ ပညာရေး ၉

၅.ဆ။ ကျန်းမာရေး ၁၀

၅.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၅.ဈ။ ကျား – မ ရေးရာ ၁၀

၆ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၄
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၄၆
-

စကားချီး

တောကင်းကျေးရွာ၏ ဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် စီမံချက်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော အုပ်ချုပ်ရေးမှူးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးမည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ပေါ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောကင်းကျေးရွာ၊ သာစည်မြို့နယ်

၂. သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်း ကျေးရွာ၏ သယ်ဇာတပြမြေပုံ



၃. သာစည်ဖြိုနယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်း ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၄. သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်း ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



သည်။ စိုက်ပျိုးမြေယာ ပိုင်ဆိုင်မှု စစ်တမ်းအရ ဆင်းရဲသား တောင်သူသည် ၉.၆%၊ တောင်သူငယ် သည် ၂၂.၆%၊ အလယ်အလတ်တောင်သူ ၂၂.၆%နှင့် တောင်သူကြီး ၂၀.၃% ရှိသည်ကိုတွေ့ရပြီး ကျေးရွာတောင်သူများ အနေဖြင့် လယ်ယာမြေ ပိုင်ဆိုင်မှု ကွာဟမှု မရှိကြောင်း တွေ့ရပါသည်။ စိုက်ပျိုးသီးနှံ အနေဖြင့် စိုက်ပျိုးရေ များများ မလိုအပ်သော နှမ်း၊ ပဲတီစိမ်းနှင့် ကုလားပဲတို့ကို အားထားစိုက်ပျိုးပါသည်။ စပါး၊ ဝါ၊ ထောပတ်ပဲ၊ ငရုတ် စသည့် သီးနှံများကို ရာသီအလိုက်စိုက်ပျိုးပါသည်။ စိုက်ပျိုးရေ ရှားပါးခြင်း၊ မြေဆီမြေဩဇာ သုံးစွဲမှု နည်းခြင်း၊ ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးမှုများခြင်း၊ မိရိုးဖလာ မျိုးစေ့များကိုသာ သုံးစွဲပြီး မျိုးကောင်းမျိုးသန့်များ မရင်းနှီးနိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အသုံးမပြုနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း သိသိသာသာ လျော့နည်းလျက်ရှိပါသည်။ ပွဲစားပေးသော ဈေးနှုန်းကိုသာ အားထားရ၍ သီးနှံဈေးကွက် လည်းလိုအပ်ပါသည်။

အခြားသော လုပ်ငန်းများဖြစ်သည့် နေ့စားလုပ်ငန်းများ ဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်း၊ ကုန်စုံဆိုင်ဖွင့်ခြင်း၊ စက်ချုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး စသည်တို့ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းပါးချိန်တွင် အမျိုးသမီးများသည် ကျေးရွာနှင့် (၃) မိုင်ခန့် ဝေးသော ဘုရားငါးဆူ ကျေးရွာ ကျောက်ခွဲစက်များ၌ နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ကြပါသည်။ ထို့အပြင် နို့စားနွား၊ ကြက်၊ ဝက်၊ ဆိတ် တပိုင်တနိုင် မွေးမြူရေးကိုလည်း လုပ်ကိုင်ကြပါသည်။ မြေလွတ်မြေလပ် စာကျက်မြေ ရှားပါးသဖြင့် နွား၊ ဆိတ် တိုးချဲ့မွေးမြူရန် အဆင်မပြေပါ။

တောကင်း ကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့် ခွဲထားပါသည်။ ဥစ္စာဓန အဆင့် (၁) ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၁၈.၇%)၊ အဆင်ပြေသော အိမ်ထောင်စု (၂၅.၅%)၊ မပြေလည်သော အိမ်ထောင်စု (၂၅.၉%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉.၉%) ခန့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအား အဓိက လုပ်ကိုင်ကြပြီး လယ်မြေပိုင်ဆိုင်မှု ကွာဟမှု မရှိခြင်းကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု မရှိပါ။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ အများဆုံး ဖြစ်ပါသည်။

၅.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

တောကင်းကျေးရွာတွင် ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလတွင် ရွံနှံထူထပ်၍ သွားလာရ ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများသည် အိမ်ဝိုင်းများထက် မြင့်ပြီး လမ်းဘေးတွင် ရေမြောင်းများ မရှိသောကြောင့် မိုးရာသီတွင် အိမ်ဝိုင်းအတွင်း ရေဝပ်၍ ရွံနှံထူထပ်မှုများ နှစ်စဉ် ကြုံတွေ့ရပါသည်။ တောကင်းကျေးရွာသည် အမှတ် (၂) ခရိုင်ချင်းဆက်လမ်း ကတ္တရာလမ်းအနောက်ဘက် (၁) မိုင်ခန့်အကွာတွင် တည်ရှိပြီး ချဉ်းကပ်လမ်းမှာ လွတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ကျောက်ဆွေးလမ်းဖြစ်ပြီး သာစည်မြို့နှင့် ဆက်သွယ်သွားလာရန် လွယ်ကူပါသည်။ တောကင်းကျေးရွာ၏ အရှေ့တောင်ဘက် ဇီးပင်းတွင်းကျေးရွာသို့ သွားသော ကျေးရွာချင်းဆက်လမ်း မှာ မြေသားလမ်းဖြစ်၍ မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။

တောကင်းကျေးရွာ၌ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ကာလတွင် ကျေးရွာပိုင် ဒီဇယ်အင်ဂျင်အား အသုံးပြု၍ ကျေးရွာလုံးကျွတ် လျှပ်စစ်မီး အသုံးပြုနိုင်ကြပါသည်။ ဒီဇင်အင်ဂျင်စက်ပျက်စီးချို့ယွင်းပြီး ပြန်လည် ပြုပြင်မှု မဆောင်ရွက်နိုင်သေးသည့်အတွက် လျှပ်စစ်မီးကို အသုံးမပြုနိုင်တော့ပေ။ ထို့ကြောင့် ကျေးရွာ အိမ်ထောင်စု စုစုပေါင်း၏ ၈၃ % သည် ဆိုလာမီးကို အသုံးပြုကြပါသည်။ ကျန်သော အိမ်ထောင်စု ၁၇ % သည် ဘတ္ထရီမီး၊ ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ ဖယောင်းတိုင်ကိုသာ အသုံးပြုကြပါသည်။ တောကင်းကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေး ကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။

၅. သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စု၊ တောကင်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့် ပထဝီဝင်အနေအထား

တောကင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ တောကင်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သာစည်မြို့နှင့် (၁၂) မိုင်ခန့် အကွာ၊ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျောက်ဆည်-ရမည်းသင်း ခရိုင်ချင်းဆက် အမှတ် (၂) ကတ္တရာလမ်းအနောက်ဘက် (၁) မိုင်ခန့် အကွာတွင် တည်ရှိသောကြောင့် ဆက်သွယ် သွားလာရေးလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အများစုမှာ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တောကင်းကျေးရွာသည် အပူပိုင်းမိုးနည်းရေရှားဒေသဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်သာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထားရသော်လည်း အချို့နှစ်များတွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများနှင့် ရင်ဆိုင်ရပါသည်။ ရေငန်ထွက်ရှိရာဒေသ ဖြစ်သောကြောင့် စိုက်ပျိုးရေအဖြစ် မြေအောက်ရေကို အသုံးမပြုကြပါ။ လယ်စိုက်ပျိုးမြေ အများအပြား ရှိသော်လည်း စိုက်ပျိုးရေ မလုံလောက်မှုကြောင့် ဧကပြည့် လုပ်ကိုင်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေကို အောက်ကန်ဆည်၊ ဆည်တိုဆည်တို့မှ အနည်းငယ်ရရှိပြီး လယ်မြေဧက (၂၅၀) ခန့်သာ ရေသွင်းစိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော မြေ (၉၀၀) ဧကခန့်ရှိပြီး စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ဝါ၊ ငရုတ်၊ ထောပတ်ပဲ၊ ကုလားပဲတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ မန်ကျည်း၊ တမာ၊ သရက် အစရှိသည့် နှစ်ရှည်ပင်များရှိပြီး မြင်းခွာရွက်၊ ဆင်ထုံးမန္တယ်၊ ဆူးပတောင်း၊ ရှားစောင်းလက်ပပ်၊ ဧကရာဇ်၊ တောဇီးဖြူ၊ အုန်းနဲ့ပင်၊ ဟင်းငုတ်နှင့် ကတက်ပင် စသော အပင်မျိုးစိတ်များပေါက်ပြီး ဆေးဖက်ဝင်အပင်အဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

တောကင်းကျေးရွာတွင် ကျေးရွာလူထုအခြေပြု ကိုယ်ထူကိုယ်ထအဖွဲ့အဖြစ် လူမှုရေးအဖွဲ့ (၁) ဖွဲ့သာ ရှိပါသည်။ အဖွဲ့အစည်းအတွင်း အဖွဲ့ဝင်အချင်းချင်း စည်းရုံးမှု၊ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပါသည်။ အဖွဲ့တွင် ကျေးရွာ၏ ရပ်ကွက် (၃) ရပ်ကွက်အား အဖွဲ့ခွဲ (၃) ဖွဲ့ အဖြစ် ဖွဲ့စည်းထားပြီး နယ်မြေအလိုက် တာဝန်ယူ ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ပူးပါင်းညှိနှိုင်း ၍သော်လည်းကောင်း၊ ကျေးရွာသူ/ သားများ၏ ကိုယ်ထူကိုယ်ထပရဟိတ စေတနာဖြင့်သော်လည်းကောင်း ပရဟိတအသင်း၊ သာရေးနာရေးအသင်းတို့ကိုဖွဲ့စည်း၍ ကျေးရွာ၏ ဘာသာရေးဆိုင်ရာ ကိစ္စများ၊ သာရေးနာရေး ထမင်းဟင်းချက်၊ ပစ္စည်းသယ်/ သိမ်း အစရှိသည့် ဝေယျာဝစ္စကိစ္စများအား စီမံဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများတွင် အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

တောကင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု (၁၇၇) စု အနက် ၈၀ % ခန့်သည် စိုက်ပျိုး မြေများပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ကျန်သော ၂၀ % သည် မြေယာမဲ့များဖြစ်ပြီး တောင်သူအငှား၊ နေ့စားကျပန်းအလုပ်များကို လုပ်ကိုင်ကြပါ

ကျေးရွာတွင် ကား (၅) စီး၊ ဆိုင်ကယ် (၁၂၈) စီး၊ စက်ဘီး (၉၃) စီး၊ နွားလှည်း (၆၈) စီး တို့ဖြင့် သယ်ယူပို့ဆောင်ရေးကို အသုံးပြုကြပါသည်။ စက်ဘီးကို ကျောင်းသား/ သူ များမှ အသုံးများပြီး နွားလှည်းကို တောင်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ဗဟုသုတစုံရှာဖွေနိုင်ရန် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် လိုအပ်ပါသည်။

၅.စ။ ပညာရေး

ကျေးရွာတွင် အခြေခံပညာ မူလတန်း ရှိပါသည်။ ကျောင်းတွင် ကျောင်းဆရာ (၄) ဦး၊ ဆရာမ (၂) ဦးရှိပြီး ကျောင်းသားအရေအတွက်နှင့် ဆရာ/ ဆရာမ လုံလောက်မှု ရှိပါသည်။ စာသင်ကျောင်းဆောင်မှာ (၂) ထပ် ကျောင်းဆောင်ဖြစ်ပြီး ၃၀၂၄ စတုရန်းပေ ကျယ်ဝန်းပါသည်။ ကျောင်းသုံးပရိဘောဂများ၊ ကျောင်းရေလောင်း အိမ်သာများ ကောင်းမွန်ပါသည်။ မိဘဆရာအသင်းမှ ဦးဆောင်၍ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်များ၊ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချွန်ဆုပေးပွဲများကို ကျင်းပပေးပါသည်။ အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာနှင့် (၁) မိုင်ခွဲ ခန့် ကွာဝေးသော ရွှေတုတ်ကုန်းကျေးရွာ၊ (၅) မိုင်ခန့် ကွာဝေးသော မယ်ဇလီကန်ကျေးရွာသို့ သွားရောက် တက်ရောက်ကြပါသည်။

မူလတန်းကျောင်းသားဦးရေ (၇၆) ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၃၄) ဦး၊ အထက်တန်းကျောင်းသားဦးရေ (၄၇) ဦးနှင့် တက္ကသိုလ်/ ကောလိပ်ကျောင်းသားဦးရေ (၂၆) ဦး ရှိပါသည်။ မိဘများသည် ပညာရေးကို အားပေးကြပြီး အတန်းပညာပြီးမြောက်သည်အထိ ကျောင်းထားပေးကြပါသည်။ မိသားစု စားဝတ်နေရေး အခက်အခဲကြောင့် အထက်တန်းအဆင့်၊ တက္ကသိုလ်ပညာအဆင့်တွင် ကျောင်းမတက်ရောက်နိုင်သူများလည်း ရှိပါသည်။

၅.ဆ။ ကျန်းမာရေး

တောကင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသောကြောင့် သာမန်ဖျားနာလူနာများသည် ကျေးရွာနှင့် အနီးဆုံး ကျေးလက်ကျန်းမာရေးဌာနသည် (၁) မိုင် ၄ ဖာလုံ ခန့်ဝေးသော ရွှေတုတ်ကုန်း ကျေးရွာတွင် တည်ရှိပါသည်။ အရေးပေါ်လူနာများအား (၁၂) မိုင်ခန့်ဝေးသော သာစည်မြို့နယ်ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကလေးငယ်များတွင် ရာသီအလိုက်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ကုသမှု လက်လှမ်းမီပါသည်။ မြို့နယ်နှင့်ကျေးလက်ကျန်းမာရေးဌာနတို့မှ ကိုယ်ဝန်သည်များ၊ ကလေးငယ်များအား အပတ်စဉ်၊ လစဉ်အလိုက် ကာကွယ်ဆေးများ လာရောက် ထိုးပေးပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးပါသည်။ မွေးလူနာများရှိပါက ကျေးရွာသို့ လာရောက် မွေးဖွားပေးပါသည်။ လူကြီးရောဂါများဖြစ်သော ဆီးချို၊ သွေးတိုးရောဂါ ခံစားနေရသူများလည်း ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသောကြောင့် သီးနှံပေါ်ချိန်တွင် ငွေကြေးပေါ်ပေါက်ပြီး သီးနှံမရရှိချိန်တွင် စုဆောင်းငွေ မရှိသဖြင့် ကျန်းမာရေး အရေးပေါ် အခြေအနေ ပေါ်ပေါက်ပါက ဆေးကုသရန် ခက်ခဲသူများ အများအပြားရှိပါသည်။ ထို့ကြောင့် ကျန်းမာရေး အထောက်အပံ့အတွက် လည်ပတ်ရန်ပုံငွေ ချေးငွေ တည်ထောင်ရန် လိုအပ်ပါသည်။

သောက်သုံးရေအတွက် အဝီစီ စက်တပ်နှင့် တုံကင်တွင်းများကိုအသုံးပြုကြပါသည်။ နွေရာသီတွင် ကျေးရွာရေကန်မှလည်း ခပ်ယူသုံးစွဲပါသည်။ သောက်သုံးရေ လုံလောက်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးသည်

ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ စွန့်ပစ်ပစ္စည်းများအား ကျေးရွာပြင်ပတွင် စွန့်ပစ်၍ မီးရှို့ကြပါသည်။ ကျေးရွာသူ/သားများသည် အခြေခံ ကျန်းမာရေး ဗဟုသုတ အနည်းငယ် ရှိပါသည်။

၅.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တောကင်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး စိုက်ပျိုးရေးအဖြစ်မိုးရေကိုသာ အားထားရသောကြောင့် မိုးခေါင်လျှင် တောင်သူများ သီးနှံဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရပါသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာတွင် ဆောင်ရွက်မှုများ မရှိသေးပါ။ ဆောင်ရွက်ရန် အသိပညာဗဟုသုတ လိုအပ်လျက် ရှိပါသည်။

၅.၉။ ကျား - မရေးရာ

တောကင်းကျေးရွာမှ အမျိုးသမီးများသည် ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ကြပါသည်။ ရှေးယခင်က အမျိုးသမီးများသည် ဓမ္မစကြာဝဘ်ရွတ်အသင်းတွင်သာ ပါဝင်ခဲ့သော်လည်း ယခုအခါတွင် စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကြိုးကြိုးစားစားတက်တက်ကြွကြွ ပါဝင်လုပ်ကိုင် လာကြသည်ကို တွေ့မြင်ရပါသည်။ ရှေးယခင်က အမျိုးသမီးများသည် အတန်းပညာပြီးမြောက်သည်အထိ သင်ကြားခြင်း မရှိဘဲ ကျောင်းထွက်နှုန်းများပြီး အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်လေ့ရှိပါသည်။ ယခုအခါတွင်မူ အမျိုးသမီးများသည်လည်း အမျိုးသားများ တန်းတူ ပညာသင်ကြားလာကြပြီး အတန်းပညာပြီးဆုံးသည်အထိ တက်ရောက်ကြပါ သည်။

၆ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးစီမံကိန်းလုပ်ငန်းများအား ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆွေးနွေး၍ ရေးဆွဲထားပါသည်။ ဦးစားပေးစီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ်ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်းမရှိနိုင်ပေ။ သို့သော် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီး ပြုပြင်ပြောင်းလဲသင့်သော အရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။

တောကင်း ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာလမ်း အုတ်စီရေဆိုးထုတ်မြောင်းများတူးဖော်ခြင်းနှင့် ရေပြွန်တံတားများ တည်ဆောက်ခြင်း	၁
ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း	၂
ကျေးရွာပိုင် ခန်းမတည်ဆောက်ခြင်းနှင့် လူမှုကူညီရေးပစ္စည်းများ တည်ထောင်လိုခြင်း	၃
စာကြည့်တိုက်တည်ဆောက်ခြင်းနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း	၄
ကျန်းမာရေးအထောက်အပံ့အတွက် လည်ပတ်ရန်ပုံငွေ တည်ထောင်လိုခြင်း	၅

နောက်ဆက်တွဲ (၁)

သာစည်မြို့၊ တောကင်း ကျေးရွာအုပ်စု၊ တောကင်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှကြည်	ဦးဉာဏ်	၉/ သစန (နိုင်) ၀၂၀၈၉၄	၆၅	ဥက္ကဋ္ဌ	၀၉ ၂၅၄၆၆၂၄၈၁
၂	ဒေါ်ခင်စန်းမြင့်	ဦးအုန်းမြိုင်	၉/ သစန (နိုင်) ၀၂၀၈၉၉	၅၀	အတွင်းရေးမှူး	၀၉ ၂၅၉၄၂၉၆၇
၃	ဦးနေဝင်း	ဦးလှဖေ	၉/ သစန (နိုင်) ၀၂၀၇၂၁	၆၀	ဘဏ္ဍာရေးမှူး	၀၉ ၃၀၆၆၅၈၅၁
၄	ဒေါ်သီရိလွင်	ဦးသန်းဌေး	၉/ သစန (နိုင်) ၁၇၉၄၂၁	၂၁	စာရင်းကိုင် (၁)	၀၉ ၄၀၃၀၆၅၅၁၆
၅	ဒေါ်တင်မာလွင်	ဦးမြမောင်	၉/ သစန (နိုင်) ၁၀၉၆၅၆	၄၅	စာရင်းကိုင် (၂)	၀၉ ၇၈၃၇၃၃၁၀
၆	ဦးချစ်ကိုကို	ဦးတင်မောင်	၉/ သစန (နိုင်) ၀၂၀၈၇၂	၄၉	သော့ကိုင် (၁)	၀၉ ၂၅၃၅၀၈၉၁၃
၇	ဦးဝင်းမောင် (အို)	ဦးလှမောင်	၉/ သစန (နိုင်) ၀၂၀၈၈၁	၆၀	သော့ကိုင် (၂)	၀၉ ၂၆၀၈၉၀၃၁၆
၈	ဦးလှဝင်း	ဦးတင်အောင်	၉/ သစန (နိုင်) ၀၂၁၅၄၀	၆၄	အဖွဲ့ဝင်	၀၉ ၄၂၈၂၁၃၃၇
၉	ဦးမြင့်ဦး	ဦးလှမြင့်	၉/ သစန (နိုင်) ၀၂၆၅၉၁	၅၄	အဖွဲ့ဝင်	၀၉ ၄၄၄၂၆၁၁၂
၁၀	ဦးစိုးဝင်း	ဦးအောင်ကြည်	၉/ သစန (နိုင်) ၀၂၁၆၅၈	၅၅	အဖွဲ့ဝင်	၀၉ ၇၉၄၆၉၁၁၉၂
၁၁	ဦးမောင်ဌေး	ဦးကျော်အောင်	၉/ သစန (နိုင်) ၀၂၁၁၄၆	၅၅	အဖွဲ့ဝင်	၀၉ ၇၈၁၇၁၉၇၄၂

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၈၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၃	၁၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၇	၁၈	၃၅
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၆	၄၇	၇၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၄	၂၆	၅၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၅	၃၀၉	၆၀၄
၆၅ နှစ် နှင့်ဝဝ် အထက်	သက်ကြီးရွယ်ကြီး	၃၀	၅၃	၈၃
စုစုပေါင်း		၃၉၉	၄၅၆	၈၅၅
စုစုပေါင်း အိမ်ထောင်စု				၁၇၇

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောကင်း ကျေးရွာတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ပိုများပါသည်။ အလုပ်လုပ် နိုင်သည့် ကျား/မ အရေအတွက်သည် ကွာဟမှု မရှိဘဲ အမျိုးသမီးတိုင်းသည်လည်း အမျိုးသားများတန်းတူ ဝင်ငွေရ အလုပ်များလုပ်ကိုင်ကြပါသည်။ သက်ကြီးရွယ်အို ကျား/မ လူဦးရေအား နှိုင်းယှဉ်ကြည့်လျှင် အမျိုးသမီးဦးရေပိုများသည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် ကျန်းမာရေးပိုကောင်းပြီး အသက်ရှည်ကြသည်ဟု သုံးသပ်မိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
ပုံကျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
ပုံကျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၆၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၇	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၃၅	၁၄၀	မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း: မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၅	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝပ် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောကင်းကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ အလုပ် အကိုင်များအနေဖြင့် ပန်းရံ၊ လက်သမားလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ပုံမှန် လုပ်ငန်းမရှိသည့်အတွက် စားဝတ်နေရေးပြေလည်ရုံမျှသာ ဝင်ငွေရှာဖွေနိုင်ပါသည်။ ကုန်စုံဆိုင်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၅) စုခန့်သာ ရှိပါသည်။ ကုန်စုံဆိုင်ဖွင့်သော အိမ်ထောင်စုများသည် အသင့်အတင့် အဆင်ပြေကြပါသည်။ စိုက်ပျိုးရေးနှေစားလုပ်ကိုင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းပါးချိန်တွင် ပန်းရံ၊ လက်သမားလုပ်ငန်း လုပ်ကိုင်ကြပြီး အမျိုးသမီး အများစုမှာ ဘုရားငါးဆူ ကျောက်ထုတ်စက်တွင် သွားရောက်လုပ်ကိုင်ကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၆၃၈.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၂၄.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၁၆၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောကင်းကျေးရွာသည် လယ်ယာ/ တောင်ယာ စိုက်ပျိုးခြင်းကိုအဓိကထား လုပ်ကိုင်ကြပါသည်။ လယ်မြေဧကပိုများသော်လည်း ဆည်ရေရရှိမှုနည်းသောကြောင့် လယ်မြေအား ဧကအပြည့် စိုက်ပျိုးနိုင်ခြင်းမရှိပေ။ ရေငန်ထွက်ရှိရာ ဒေသဖြစ်ပြီး မြေဆီလွှာ အရည်အသွေးမှာအသင့်အတင့် ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်ဝေဝံ အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောကင်းကျေးရွာတွင် ခါတ်သတ္တုရင်းမြစ်များ မထွက်ရှိပါ။ သဘာဝ အပင်မျိုးစိတ်များအနေဖြင့် ရှားစောင်းလက်ပပ်၊ ကြိတ်မှန်စသည့် ဆေးဖက်ဝင်အပင်များရှိသကဲ့သို့ မန်ကျည်း ပင်၊ တမာပင်၊ ထနောင်းပင်စသည့် အရိပ်ရပင်များလည်း ပေါက်ရောက်ပါသည်။ စာကလေး၊ ဆက်ရက်၊ ဗျိုင်း၊ မြွေ စသည့် တိရစ္ဆာန်မျိုးစိတ်များလည်း တွေ့ရှိရပါသည်။

(၄၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဝင်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၃	၄၅	၄၆	၅၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောကင်း ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်မှုများလေ ဝင်ငွေပိုရလေ ဖြစ်ပါသည်။ မြေယာမဲ့ လက်လုပ်လက်စားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းပါးချိန်တွင် ပန်ရံ၊ လက်သမားအလုပ်များ လုပ်ကိုင်ကြပြီး အမျိုးသမီးအများစုသည် ဘုရားငါးဆူ ကျောက်ခွဲစက်တွင် သွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေ ရရှိကြပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဆင်းရဲချမ်းသာ ဥစ္စာဓနအဆင့် ကွာဟမှု နည်းပါးပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၂	ငှက်ဖျားရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၃	တီဘီရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □ လတ် □ နိမ့် □ မရှိ □

ရန်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှာဘ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည်ဝဝ်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့်ဝဝ် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ တောကင်း ကျေးရွာသည် စိုက်ပျိုးရေးကို အလေးထားလုပ်ကိုင်သော်လည်း စိုက်ပျိုးရေး လုံလောက်စွာမရှိဘဲ မိုးကောင်းသောက်ဒေသဖြစ်ပါသည်။ ရာသီဥတုမမှန်ခြင်းကြောင့် ရံဖန်ရံခါ မိုးခေါင်တတ်ပြီး မိုးခေါင်လျှင် စိုက်ပျိုးရေးလုပ်ငန်း မဖြစ်ထွန်းဘဲ အမှီပြုနေသော တောင်ယာလက်လုပ် လက်စားများ အလုပ်လက်မဲ့ဖြစ်ရခြင်း၊ စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းများ ကြုံတွေ့ရပါသည်။ မိုးများသော နှစ်များတွင် ကျေးရွာတွင်းလမ်းများတွင် ရွံ့နွံထူထပ်၍ လမ်းဘေးရေမြောင်းများ မရှိသေးသောကြောင့် အိမ်ဝိုင်းများ အတွင်းရေဝင်ပြီး ရေနှစ်မြုပ်ရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(၈) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(၈-ခ) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၀	လူမှုရေးအဖွဲ့	၁ □ ၂ □ ၃ □	၀	၀	၀	ပညာရေး □ ဌေကြေး □ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑	ကောင်း ☑ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး □	
၂		၁ □ ၂ □ ၃ □				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃		၁ □ ၂ □ ၃ □				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၄		၁ □ ၂ □ ၃ □				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁ □ ၂ □ ၃ □				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရှင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ တောကင်း ကျေးရွာတွင် လူမှုရေးအဖွဲ့ (၁) ဖွဲ့သာရှိပြီး ယင်းအဖွဲ့အား ရပ်ကွက်အလိုက် (၃) ဖွဲ့ခွဲပြီး ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင်းဖြစ်ပေါ်လာသော လူမှုကိစ္စအဝဝကို ကျေးရွာ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်များမှ ပူးပေါင်းဆောင်ရွက်ကြပါသည်။

(၈) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(၈-၁) **သီးနှံထုတ်လုပ်ရေး**

(၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ် အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၇	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၇၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောကင်းကျေးရွာအိမ်ထောင်စု၏ ၂၅% ခန့်သည် မြေယာမဲ့ အိမ်ထောင်စု များဖြစ်ကြပါသည်။ ဆင်းရဲသား တောင်သူနှင့် တောင်သူငယ်များမှာ လယ်ယာမြေ ပိုင်ဆိုင်ကြသော်လည်း စိုက်ပျိုးရေ ရှားပါးမှု၊ ရာသီဥတု မမှန်မှု၊ သီးနှံအကျိုးအမြတ်နည်းခြင်းတို့ ကြောင့် နေ့စားအလုပ်ကို အမှီသဟဲ ပြုနေကြရပါသည်။ တောင်သူလတ်နှင့် တောင်သူကြီးများ၏ (၅၀%) ခန့်သာ စိုက်ပျိုးရေးကို ကိုယ်တိုင် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အိမ်ထောင်စု အားလုံး၏ (၆၀%) ခန့်သည် ကြုံရာကျပန်း နေ့စားအလုပ်ကိုသာ အားထားနေရပါသည်။

(၂) **အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
